ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူလည်း ပါဝင်သည်။ "

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ငါ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" (ငါ) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်းမဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိခြင်း၊ "

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ **ပုဒ်မ ၁၀** တွင် -

(က) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဈ)၊(ည)၊(ဋ္ဌ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ)၊ (တ)နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ္ဌ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

The Law Relating to Private Health Care Services (Amendment)

(Pyidaungsu Hluttaw Law No. /2012)

The Day of ,1374 M.E.

(,2012)

The Pyidaungsu Hluttaw hereby enacts the following Law.

1. This Law shall be called the Law Relating to Private Health Care Services (Amendment).

2. The expression under sub-section (p) of section 2 will be replaced by the following expression

(p) **Technician** means the person who has obtained the certificate, diploma, title or degree conferred by the training, school, institute or college or university established to teach the relevant technologies with respect to health care by the Ministry of Health or the Ministry of Defense or with the permission of the Ministry of Health. The said expression also includes the person who has obtained the certificate, diploma, title or degree conferred by a foreign country and also recognized by the Ministry of Health;

3. The expression under sub-section (e) of section 10 will be replaced by the following expression

(e) Having disinfected well-equipped rooms to accomplish the permitted deliveries rather than Caesarean section, for out-patient or in-patient;

4. The expression under sub-section (h) of section 10 will be deleted.

(Sd.) x x x

Thein Sein

President

The Republic of the Union of Myanmar